ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်၊ စနေနေ့ (9-4-2011) (၆၇၂၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိမိတို့တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်လျက်ရှိ ဤကဲ့သို့တည်ဆောက်နိုင်မှသာ နိုင်ငံတော်က ယုံကြည်အားကိုးရသည့်၊ နိုင်ငံတကာက လေးစားရသည့် တပ်မတော်ဖြစ်လာမှာဖြစ် အရေးကြုံလာလျှင် ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်နိုင်ငံကို ကာကွယ်နိုင်အောင် လုပ်ဆောင်ကြရမှာဖြစ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဧပြီ ၈

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ကလောတပ်နယ်မှူး၊ ဗထူးတပ်နယ်မှူးနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းဗိုလ်လောင်းများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အလေးပြုခြင်းခံယူ

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးပြီး ဗိုလ်လောင်းတပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ငွေဓားဆုချီးမြှင့်

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၄)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း အမှတ်(၅၉) ဗိုလ်လောင်း ဖြိုးဝေအောင်အား ငွေဓားဆု ချီးမြှင့်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က သင်တန်းဆင်း ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၄)၏ သင်တန်းဆင်းသည့်နေ့ဖြစ်ကြောင်း၊ ရဲဘော်တို့ကို တပ်မတော်တွင် အနာဂတ်၏ ခေါင်းဆောင်ကောင်းများအဖြစ် တာဝန်ပေး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

မိန့်ခွန်းပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

၉-၄-၂၀၁၁
(စနေနေ့)

အပူဒဏ်အန္တရာယ် သတိပြုကာကွယ်

ယခုရက်ပိုင်းအတွင်း မိုးလေဝသတိုင်းထွာချက်များအရ နေ့အပူချိန်များ တိုးလာနိုင်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ပိုလာသည်။ ထူးခြားသည့် နေ့အပူချိန်များအဖြစ် ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်နှင့် ဆင်ဖြူကျွန်းမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်ရှိကြောင်း သိရသည်။

ယခုအခါ နွေရာသီဖြစ်၍ ရာသီဥတု ပူပြင်းလာပြီ။ အပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ယင်းသို့ ဆုံးရှုံးမှုကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်းတို့ဖြစ်နိုင်သည်။ ချွေးခြောက်ပြီး အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသည့် အခြေအနေတို့အထိ ဖြစ်နိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ ရောဂါဘယ ကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ထားသည်။ အချိန်ရာသီအလိုက် ကျန်းမာရေးအသိပညာပေးချက်များ ထုတ်ပြန်ပေးလျက်ရှိရာ ပြည်သူများအပိုင်းက စနစ်တကျ လိုက်နာနေထိုင်သွားလာကြရပေမည်။

အပူဒဏ်ကြောင့် မလိုလားအပ်သည့် အကျိုးဆက်များ မဖြစ်ပေါ်စေရန် နေ့ခင်းဘက်တွင် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းရပေမည်။ ပွပွချောင်ချောင် ချည်ထည်များ၊ အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်သွားလာသင့်သည်။ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာများ၌ နားနေခြင်း၊ ချွေးထွက်လွန်ပါက ဓာတ်ဆားရည်မှုတစ္စာ သောက်သုံးခြင်း၊ မိတ်ဖုယားနာများထွက်ပါက သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်သင့်သည်။

အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်သည်။ အပူချိန်ပြင်းလာသည့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်း၊ နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်း၊ ရေခဲရေဖြင့် မျက်နှာသစ်ခြင်းတို့သည်လည်း သတိပြုရှောင်ကြဉ်ရမည့်အချက်များဖြစ်သည်။

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်ရာ တစ်ကိုယ်ရေကျန်းမာမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု အစဉ်ဂရုပြုကြရမည်ဖြစ်သည်။ အထူးသဖြင့် ရာသီဥတုပူပြင်းလာချိန်တွင် အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်များနှင့်အညီ စနစ်တကျလိုက်နာ သွားလာနေထိုင်ကြခြင်းဖြင့် လူတိုင်းကျန်းမာ စိတ်ချမ်းသာမှု ရရှိနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဒေါက်တာဖေသက်ခင် ဆေးသုတေသနဦးစီးဌာန(မြန်မာပြည်အလယ်ပိုင်း) ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် ဧပြီ ၈

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဧပြီ ၆ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဆေးသုတေသနဦးစီးဌာန(မြန်မာပြည်အလယ်ပိုင်း) အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်နှင့် သုတေသနဌာနစုများ၏ တာဝန်ခံများနှင့်လည်းကောင်း၊ ရှင်းလင်းဆောင်၌ ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)တည်ဆောက်ဖွဲ့စည်းမှုနှင့် သုတေသနဌာနစုအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဘွဲ့လွန်သင်တန်းများ တက်ရောက်ပြီးစီးမှု၊ ပြည်ပနိုင်ငံများသို့ စေလွှတ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို အထောက်အကူပြုစေသည့် သုတေသနလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်စေပြီး ပြည်သူလူထု အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများ၊ အထောက်အကူပေးနိုင်သော လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်၊ ပြည်သူလူထု အကျိုးဖြစ်ထွန်းစေမည့် ဆေးသုတေသနလုပ်ငန်းများကို ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တူညီသော ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင် ဆေးသုတေသနဦးစီးဌာန(မြန်မာပြည်အလယ်ပိုင်း)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်နှင့် ဒေါက်တာဝင်းမြင့်တို့သည် ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)ရှိ ရောဂါဗေဒသုတေသနဌာနစုဓာတ်ခွဲခန်းများ၊ ရောဂါပြီးဗေဒသုတေသနဓာတ်ခွဲခန်းများ၊ ဇီဝဓာတုဗေဒနှင့် တိုင်းရင်းဆေးသုတေသနဌာန ဓာတ်ခွဲခန်းများရှိ ခေတ်မီစက်ကိရိယာများနှင့် အသုံးပြုသုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက ဓာတ်ခွဲခန်းပညာရှင်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ် တာဝန်ပေး ဆောင်ရွက်ထားရှိရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ည ၇ နာရီခွဲတွင် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ရေးအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်စွာ လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်သွားကြရန်၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်လုပ်ငန်းလမ်းညွှန် လုပ်ငန်းစဉ်များကို အောင်မြင်အောင် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန်၊ ဝန်ထမ်းများအားလုံးသည် မိမိထမ်းဆောင်ရသည့် တာဝန်ဝတ္တရားများကို မိမိအသိစိတ်ဓာတ်ဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားကြရန်၊ ပုဂ္ဂိုလ်ရေးရာ ဘက်လိုက်မှုကင်းသော ကိုယ်ကျင့်တရား ဖောက်ပြန်မှုမရှိသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေများ အထောက်အပံ့များကို သုံးစွဲရာတွင်လည်း ပြည်သူလူထုအတွက် အကျိုးရှိအောင် ထိရောက်စွာ အသုံးပြုဆောင်ရွက်သွားကြရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် နှောင့်နှေးမှု မရှိစေရန် သက်ဆိုင်ရာဦးစီးဌာန၊ ဝန်ကြီးဌာနများနှင့် ဆက်သွယ်စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြဆွေးနွေးကြရာ ဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၁ ရက်မှ ၁၃ ရက်သည် နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော် ဖြစ်ပါသည်။

ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံ အလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်း စသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်း မွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်း ရှိပါသည်။

သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံချင်အောင် နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်း စသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန် ဖြစ်ပါသည်-

(က) မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊
(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊
(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်၊
(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်၊

သို့ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ နေထိုင်မှု၊ ပြုမူမှုများ။
(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ။
(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ။
(ဃ) တစ်ပါးသူ၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း စသည့်အပြုအမူများ။

ကတ္တရာခင်း

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရန်မျိုးနိုင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးအောင်ပြည့် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မင်္ဂလာလမ်းနေ ဦးသန်းအောင်မိသားစုက ဦးသန်းအောင်(တရားရုံးချုပ်ရှေ့နေ နိုတြီပဗ္ဗလစ်) မွေးနေ့အထိမ်းအမှတ်အဖြစ် ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၈

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ဧပြီ ၇ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံဝန်ကြီးဌာနများအကြား လုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

နေပြည်တော်ရှိ ဆက်သွယ်ရေးစခန်းများ ဝန်ကြီး ဦးသိန်းထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထွန်းသည် ဧပြီ ၇ ရက်တွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ် စာတိုက်နှင့် အိတ်ချိန်းစက်မှုအဆောက်အအုံ တည်ဆောက်ထားသည့်နေရာ၊ နေပြည်တော်အိတ်ချိန်းနှင့် ပုဗ္ဗသီရိမြို့နယ် အိတ်ချိန်းအဆောက်အအုံတို့ကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ဝန်ကြီးက စက်ပစ္စည်းများလုံခြုံရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ နှစ်ရှည်ပင်များစိုက်ပျိုးရေး စသည်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထွန်း နေပြည်တော်အိတ်ချိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၄-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၀၅ ၇။ ခါသကြိန်အဆိုအကများ
- ၈း၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈း၂၅ ၉။ "အသိစိတ်ကလေး အရင်းတည်၍"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ ခါသကြိန်အဆိုအကများ
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ ခါသကြိန်အဆို၊ အကများ
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁း၁၅ ၅။ Yan Can Cook
- ၁း၄၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၃၁)**
- ၂း၄၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၂း၅၀ ၈။ International News
- ၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၁၅ ၁။ Myanmar National League MNL Grand Royal Cup 2011ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဇေယျာရွှေမြေ F.C နှင့် ဉဿာယူနိုက်တက် F.C)
- ၅း၀၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ဥပဒေပညာ အထူးပြု)(ဥပဒေပညာ)
- ၅း၂၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၃၀ ၄။ ခါသကြိန်အဆို၊ အကများ
- ၅း၄၀ ၅။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၅း၅၀ ၆။ ခါသကြိန်အဆို၊ အကများ
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၉။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆း၁၅ ၁၀။ ယဉ်တစ်ကိုယ်မယ်(ဝမ်း)
- ၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၂)**
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ မိဘအမွေ(ဖော်လာကမ်ဖန်၊ N မွန်ဟောင်လုံ)
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ)(အပိုင်း-၃)**
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကွန်ဖူးချစ်သူ" (အပိုင်း-၂၀) (ဇာတ်သိမ်းပိုင်း)**
- ၁၈။ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၉။ အစီအစဉ်ပြီး၏။

မော်လမြိုင်ကျွန်းမြို့နယ် လပွတ်ကွဲနုံးတန်းကျေးရွာ တွဲဖက်မူလတန်းကျောင်း အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ဒုတိယတန်းတွင် ဘာက်စုံထူးချွန်ပထမဆုရ မဆုမြတ်မွန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မွန်သန့် ဆုချီးမြှင့်စဉ်။ (၃၆၄)

မြို့နယ်အဆင့် ရဲတပ်ဖွဲ့ဝင်များ ရဲကျင့်ဝတ်ဖြေ

ရမည်းသင်း ဧပြီ ၈

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရမည်းသင်း မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၏ ကျင့်ဝတ်ရေးဖြေစာမေးပွဲကို မတ် ၂၀ ရက် ညနေ ၄ နာရီခွဲက ရမည်းသင်းမြို့ အမှတ်(၁) ရဲလေ့ကျင့်ရေး သင်တန်းကျောင်း စေတနာခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါစာမေးပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်အတွင်းရှိ ရဲစခန်းများမှ အရာရှိနှင့် အခြားအဆင့်တပ်ဖွဲ့ဝင်ပေါင်း ၁၀၃ ဦး ဝင်ရောက်ဖြေဆိုကြသည်။

စာမေးပွဲကို ရမည်းသင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုလွင်၊ ဒုတိယ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်မျိုးဆွေနှင့် (မြို့မ)ရဲစခန်းမှူးတို့က ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။
(၁၁၅)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အာဇာနည်လမ်း လမ်းဘေး ဝဲ၊ ယာ တစ်လျှောက် ချုံမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအမ်လှသောင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့်၊ ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီး
မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

မီးဘေးရှောင် မလောင်ခင်တား

၁၉၆၉ ခုနှစ် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်(မြန်မာစာ)ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၈

၁၉၆၉ ခုနှစ် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် ရန်ကုန်(မြန်မာစာ)ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ရ (၄၂)နှစ်ပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲကို မေ ၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ တက္ကသိုလ်ရိပ်သာလမ်း ကမာရွတ်မြို့နယ်၌ ကျင်းပမည်ဖြစ်ပါ၍ ၁၉၆၉ ခုနှစ် ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ် ရန်ကုန် (မြန်မာစာ)ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဒေါ်ရီရီသန်း ဖုန်း-၅၅၆၇၃၃၊ ဒေါ်မြမြဟိန်း ဖုန်း-၂၄၃၃၃၆၃၊ ဒေါ်တင်အေးကျော် ဖုန်း-၀၉-၇၃၀၉၇၀၄၄၊ ဦးသိန်းထွန်း ဖုန်း-၀၉-၅၀၈၃၈၅၀၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၅၁၅၇၆၄၉၊ ဦးထွန်းအောင် ဖုန်း-၀၉-၅၁၅၇၃၈၅၊ ဗိုလ်မှူးကြီးမြင့်အုန်း(ငြိမ်း) ဖုန်း -၀၉ ၅၁၇၁၈၉၄နှင့် ဦးတင်အောင် ဖုန်း-၀၉-၅၅၀၄၇၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။
(ကြေးမုံ)

တာချီလိတ်မြို့နယ် ကျိုင်းလပ်အထက် မဲခေါင်မြစ်အတွင်း တရုတ်နိုင်ငံ ကုမ္ပဏီတစ်ခုပိုင် သင်္ဘောသုံးစင်းနှင့် သင်္ဘောကပ္ပတိန်သုံးဦး ဖမ်းဆီးခံရမှုအား မိမိတပ်မတော်စစ်ကြောင်းက ကယ်တင်နိုင်ခဲ့

နေပြည်တော် ဧပြီ ၈

တရုတ်နိုင်ငံမှ ကုမ္ပဏီတစ်ခုပိုင် သင်္ဘောသုံးစင်းသည် ရွှေတြိဂံနယ်မြေ ကျိုင်းလပ်အထက် မဲခေါင်မြစ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းသုံး အလုဆင်ကျောက်တုံးကြီးများ ကောက်ယူနေစဉ် ၂၀၁၁ ခုနှစ် ဧပြီ ၂ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် လက်နက်ကိုင်အဖွဲ့များသည် စက်လှေငါးစင်းဖြင့် ရောက်ရှိလာပြီး တရုတ်နိုင်ငံသား သင်္ဘောကပ္ပတိန်နှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ဧပြီ ၃ ရက် နံနက် ၈ နာရီခန့်တွင် အဆိုပါ သင်္ဘောသုံးစင်းသည် ၎င်းတို့ ကုမ္ပဏီရှိရာသို့ပြန်ရန် ကျန်ရှိနေသော သင်္ဘောကပ္ပတိန်တစ်ဦးနှင့် အရန်သင်္ဘော မောင်းသူများဖြင့် မောင်းနှင်ခဲ့ရာ နံနက် ၁၀ နာရီခန့်တွင် ကျောက်သုံးလုံးနေရာသို့ ရောက်ရှိစဉ် လက်နက်ကိုင်အဖွဲ့သည် မြန်မာဘက်ကမ်းတွင် စောင့်နေလျက် သင်္ဘောများကို ကမ်းသို့ကပ်ခိုင်းခဲ့သည်။ ထို့နောက် သင်္ဘောပေါ်သို့ လက်နက်ကိုင် ၁၀ ဦးခန့် တက်ရောက်ကာ သင်္ဘောပေါ်ပါ ဝန်ထမ်းများနှင့် အလုပ်သမားများအား သင်္ဘောတစ်စင်း၏ ဝမ်းဗိုက်တွင်း ထိန်းသိမ်းထားရှိပြီး သင်္ဘောသုံးစင်းအား အပိုင်စီးထားခဲ့သည်။

ထိန်းသိမ်းထား

ဧပြီ ၄ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် အပိုင်စီးထားသော သင်္ဘောသုံးစင်း ရှိသည့်နေရာသို့ လက်နက်ကိုင်တစ်ဖွဲ့သည် စက်လှေဖြင့် ထပ်မံရောက်ရှိလာပြီး ကျန်သင်္ဘောကပ္ပတိန်တစ်ဦးအား ထပ်မံဖမ်းဆီးခေါ်ဆောင်သွားကာ လက်နက်ကိုင် ၁၀ ဦးခန့်သည် သင်္ဘောသုံးစင်းအား ဆက်လက်ထိန်းသိမ်းထားခဲ့သည်။

အဆိုပါသတင်းအရ မိမိနယ်မြေခံတပ်မတော်စစ်ကြောင်းသည် ၎င်းနေ့မွန်းလွဲ ၂ နာရီခန့်တွင် အခင်းဖြစ်ပွားရာ နေရာသို့ ကမ်းနားအတိုင်း ဝင်ရောက်ရှင်းလင်းခဲ့စဉ် အဆိုပါ လက်နက်ကိုင် ၁၀ ဦးသည် စက်လှေတစ်စင်းဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သဖြင့် မိမိနယ်မြေခံတပ်မတော်စစ်ကြောင်းက အပိုင်စီးခံရသော သင်္ဘောသုံးစင်းအား ပြန်လည်ထိန်းသိမ်း စောင့်ရှောက်ထားခဲ့သည်။

ပြန်လည်ပူးပေါင်း

အဆိုပါ လက်နက်ကိုင်အဖွဲ့သည် ဖမ်းဆီးထားသူ သင်္ဘောကပ္ပတိန်သုံးဦးအား ဧပြီ ၆ ရက် မွန်းလွဲ ၂ နာရီခန့်တွင် တစ်ဖက်နိုင်ငံ သောင်ပြင်တစ်နေရာ၌ထားရှိပြီး ပြန်လည်ထွက်ခွာသွားသဖြင့် ၎င်းတို့သုံးဦးသည် မိမိစစ်ကြောင်းရှိရာသို့ ပြန်လည်ပူးပေါင်းနိုင်ခဲ့သည်။

အဆိုပါ သင်္ဘောသုံးစင်းအား မိမိနယ်မြေခံတပ်မတော်စစ်ကြောင်းက ပြန်လည်ခေါ်ဆောင်ခဲ့ရာ ဝမ်ပုံဆိပ်ကမ်းသို့ ဧပြီ ၇ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ သင်္ဘောကပ္ပတိန်သုံးဦးအပါအဝင် သင်္ဘောဝန်ထမ်းများနှင့် အလုပ်သမား ၃၄ ဦးတို့အား တာဝန်ရှိသူများက တွေ့ဆုံအားပေးစကား ပြောကြားခဲ့ပြီး လိုအပ်သည့်အကူအညီများ ပေးအပ်ခဲ့ကြောင်း၊ အဆိုပါ သင်္ဘောသုံးစင်းသည် ဧပြီ ၈ ရက် နံနက် ၇ နာရီခန့်တွင် ဝမ်ပုံဆိပ်ကမ်းမှ ဆက်လက်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အောင်မြင်မှုများ

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ တာဝန်ရှိသူများက တရုတ်နိုင်ငံမှ တာဝန်ရှိသူများအား ရှင်းလင်းပြောကြားခဲ့ရာ တရုတ်နိုင်ငံမှ တာဝန်ရှိသူများက ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် နောင်တွင်လည်း ယခုကဲ့သို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကဏ္ဍအသီးသီးတွင် အောင်မြင်မှုများ ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ

မျိုးဗီဇ ပြောင်းလဲဖန်တီးထားသောမှိုဖြင့် ငှက်ဖျားရောဂါကို တိုက်ဖျက်နိုင်

လန်ဒန် ဧပြီ ၈

ငှက်ဖျားတိုက်ဖျက်ရေးစစ်မြေပြင်၌ လက်နက်သစ်တစ်ခုအဖြစ် မျိုးဗီဇပြုပြင်ပြောင်းလဲထားသော မှိုများကိုအသုံးပြုရန် ဗြိတိသျှသိပ္ပံပညာရှင်များက ကြံဆနေကြကြောင်း ဧပြီ ၇ ရက် သတင်းများတွင် ဖော်ပြသည်။

ခြင်များ သယ်ဆောင်ထားသည့် ငှက်ဖျားပိုးများကို သတ်ဖြတ်နိုင်မည့်မှိုတစ်မျိုးကို မျိုးဗီဇ အင်ဂျင်နီယာအတတ်ပညာဖြင့် ဖန်တီးရန် လန်ဒန်မြို့တော် ဝက်စ်မင်စတာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ အဖွဲ့တစ်ဖွဲ့က စမ်းသပ်မှုများ နှစ်ပေါင်းများစွာ ပြုလုပ်ခဲ့သည်။

ဓာတ်ခွဲခန်း စမ်းသပ်မှုများအရ မျိုးဗီဇ ပြုပြင်ထားသော မှိုများ ကပ်စွဲခံခဲ့ရသည့် ခြင်များ၌ ငှက်ဖျားပိုး ပါဝင်မှုနှုန်း လျော့ကျလာကြောင်း တွေ့ရှိခဲ့ရသည်။

မျိုးဗီဇ ပြောင်းလဲထားသော ငှက်ဖျားတိုက်ဖျက်ရေး မှိုများကို ပိုးသတ်ဆေးသဖွယ် နံရံနှင့် ခြင်ထောင်များတွင် ပက်ဖျန်းနိုင်ပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူအသုံးချနိုင်ရန်လည်း ထုတ်လုပ်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မျိုးဗီဇအင်ဂျင်နီယာနည်းပညာကို ပိုးမွှားများကြောင့် ဖြစ်ရေသော သွေးလွန်တုပ်ကွေးကဲ့သို့သော ရောဂါများအား တိုက်ဖျက်ရာတွင်လည်း အသုံးပြုနိုင်ကြောင်း သိပ္ပံပညာရှင်များက ဆိုသည်။

ငှက်ဖျားရောဂါတိုက်ဖျက်ရာတွင် မျိုးဗီဇ ပြောင်းလဲထားသော မှိုများကို အသုံးပြုခြင်းသည် အခြားသောမျိုးဗီဇ ပြောင်းလဲမှုများနှင့် နှိုင်းယှဉ်ပါက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပါးဖွယ်ရှိကြောင်း ပညာရှင်တစ်ဦးက ပြောကြားသည်။

မကြာမီက သိပ္ပံပညာရှင်တစ်စုသည် ငှက်ဖျားရောဂါ တိုက်ဖျက်ရန်အတွက် မျိုးဗီဇပြောင်းလဲထားသော ခြင်များကို ဖန်တီးခဲ့ရာ ယင်းအင်းဆက်များ ဘီလီယံနှင့်ချီ၍ ပေါက်ဖွားလာပါက ပတ်ဝန်းကျင်ဂေဟစနစ်ကို ထိခိုက်နိုင်ကြောင်း အချို့က ဝေဖန်ခဲ့ကြသည်။ **အေပီ။**

ယူရီဂါဂါရင် နှစ်(၅၀) ပြည့်ကာလ ဆိုယုဇ်အာကာသယာဉ် နိုင်ငံတကာအာကာသစခန်း၌ ဆိုက်ကပ်

မော်စကို ဧပြီ ၈

အာကာသသို့ ရောက်ရှိခဲ့သည့် ပထမဆုံးလူသား ဆိုဗီယက်အာကာသယာဉ်မှူး ယူရီဂါဂါရင်၏ **(အောက်ပုံ)** အာကာသခရီးစဉ် နှစ်(၅၀)ပြည့် အထိမ်းအမှတ်နေ့မတိုင်မီ ဂါဂါရင်၏ ရုပ်ပုံလွှာကို နံဘေးတွင် ဂုဏ်ပြုရေးဆွဲထားသော ဆိုယုဇ်အာကာသယာဉ် သည် ဧပြီ ၇ ရက်တွင် နိုင်ငံတကာ အာကာသစခန်း (အိုင်အက်စ်အက်စ်)၌ ဆိုက်ကပ်ခဲ့သည်။

ယူရီဂါဂါရင် နှစ်(၅၀)ပြည့် အထိမ်းအမှတ်အနေဖြင့် နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်သို့ လာရောက်သူများကို ဂုဏ်ပြုပါကြောင်း အာကာသစခန်းယာဉ်မှူးက ပြောကြားခဲ့သည်။

အာကာသစခန်းယာဉ်ပေါ်ရှိ အာကာသယာဉ်မှူး ခြောက်ဦးသည် ကမ္ဘာ့ပထမဆုံးသော အာကာသယာဉ်မှူး ဖြစ်သည့် ဆိုဗီယက်အာကာသယာဉ်မှူး ယူရီဂါဂါရင်အား ဂုဏ်ပြုသည့်အခမ်းအနားတစ်ရပ်ကို လာမည့်အင်္ဂါနေ့တွင် ကျင်းပမည်ဖြစ်သည်။

ဆိုဗီယက်အာကာသယာဉ်မှူး ယူရီဂါဂါရင်သည် စံပြုထိုက်သူတစ်ဦးဖြစ်ရုံမျှမဟုတ် ခေတ်သစ်နိဒါန်း၏ သင်္ကေတတစ်ခုလည်းဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီက ပြောကြားသည်။

ယူရီဂါဂါရင် လိုက်ပါသော ဗော့စတော့-၁ အာကာသယာဉ်ကို ယခင်ဆိုဗီယက်ပြည်ထောင်စုဝင် ပြည်နယ်ဟောင်း ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှ ၁၉၆၁ ခုနှစ် ဧပြီ ၁၂ ရက်တွင် ပစ်လွှတ်ခဲ့သည်။ **ရိုက်တာ။**

ရေဒီယိုသတ္တိကြွမိုးအန္တရာယ် တောင်ကိုရီးယားစိုးရိမ် စာသင်ကျောင်းအချို့ ပိတ်ထားရ

ဆိုးလ် ဧပြီ ၈

မြေငလျင်ဒဏ်ကို ခံစားခဲ့ရသော ဂျပန်နျူကလီးယား ဓာတ်အားပေးစက်ရုံမှ ပျံ့လွင့်လာနိုင်သော ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်းများကြောင့် အဏုမြူရောင်ခြည်မိုးရွာနိုင်သည်ဆိုသော စိုးရိမ်ပူပန်မှုများ ပေါ်ထွက်လာခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံရှိ စာသင်ကျောင်း အများအပြားကို ဧပြီ ၇ရက်က ပိတ်လိုက်ရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြို့တော်ဆိုးလ်အနီး ကျောင်ဂီပြည်နယ်ရှိ မူလတန်းကြိုကျောင်းနှင့် မူလတန်းကျောင်း ၁၃၀ကျော်ကို ပိတ်ရန် ပြည်နယ်ပညာရေးမှူးရုံးက ညွှန်ကြားခဲ့ရသည်။

ကျောင်ဂီပြည်နယ်၌ မိုးစတင်ရွာချိန်တွင် ကျောင်းသားမိဘများ၏ စိုးရိမ်ပူပန်မှုကြောင့် ဓာတ်ရောင်ခြည်ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်သည့်အနေဖြင့် စာသင်ကျောင်းများကို ခေတ္တပိတ်ထားလိုက်ရခြင်းဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံး ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဓာတ်ရောင်ခြည်ဘေးအန္တရာယ် ဖြစ်ပေါ်စေနိုင်သော မိုးရွာမည်ကို စိုးရိမ်ပူပန်နေကြချိန်တွင် ကျောင်းပြင်ပလှုပ်ရှားမှုကိုလည်း ဆိုင်းငံ့ထားသည်။

မြို့တော်ဆိုးလ်ရှိ ပညာရေးမှူးရုံးကမူ စာသင်ကျောင်းများ ခေတ္တပိတ်ပေးရန် မိဘများ၏မေတ္တာရပ်ခံချက်ကို ပယ်ချခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ဂျပန်နိုင်ငံနှင့်နီးကပ်စွာ တည်ရှိသည်။ ဂျပန်ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံမှ ပျံ့လွင့်လာနိုင်ဖွယ်ရှိသော ဓာတ်ရောင်ခြည်လှိုင်းများသည် အရှေ့တောင်ရာသီလေနှင့်အတူ ကိုရီးယားကျွန်းဆွယ်ဘက်သို့ရောက်ရှိလာနိုင်ဖွယ်ရှိကြောင်း တောင်ကိုရီးယားမိုးလေဝသဌာနက သတိပေးချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အင်တာနက်။



ဆောက်သမ်ပတန်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော အိတ်ချ်အမ်အက်စ်အက်စ်ကျု ရေငုပ်သင်္ဘော။

ဗြိတိန်ရေတပ်မတော် နျူစွမ်းအင်သုံး ရေငုပ်သင်္ဘောပေါ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား

လန်ဒန် ဧပြီ ၈

ဗြိတိန်နိုင်ငံ ဆိပ်ကမ်းတစ်ခု၌ ဆိုက်ကပ်ထားသော ဗြိတိသျှဘုရင့်ရေတပ်မတော်၏ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်းပေါ်တွင် သောကြာနေ့က သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ ရေတပ်သားတစ်ဦးသေဆုံးပြီး တစ်ဦးပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သော ရေငုပ်သင်္ဘောသည် အိတ်ချ်အမ်အက်စ်အက်စ်ကျု အမည်ရှိပြီး အင်္ဂလန်တောင်ပိုင်း ဆောက်သမ်ပတန်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည်။

အဆိုပါ ရေငုပ်သင်္ဘောပေါ်တွင် ဖြစ်ပွားခဲ့သော သေနတ်ပစ်ခတ်မှုသည် အကြမ်းဖက်ဝါဒနှင့် ဆက်နွှယ်ခြင်းမရှိကြောင်း၊ မတော်တဆဖြစ်စဉ်တစ်ရပ်သာဖြစ်ပြီး ယင်းအမှုနှင့်ပတ်သက်၍ ရေတပ်သားတစ်ဦးကို ထိန်းသိမ်းထားကြောင်း ဗြိတိန်ရဲတပ်ဖွဲ့က ပြောကြားသည်။

အိတ်ချ်အမ်အက်စ်အက်စ်ကျု ရေငုပ်သင်္ဘောပေါ်တွင် ဖြစ်ပွားခဲ့သော သေနတ်ပစ်ခတ်မှုတွင် ဗြိတိန်ဘုရင့်ရေတပ်မတော်မှ တပ်ဖွဲ့ဝင်နှစ်ဦး ပါဝင်ပတ်သက်ခဲ့ပြီး တစ်ဦးမှာ ဒဏ်ရာများကြောင့် သေဆုံးခဲ့ရကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဗြိတိန်ဘုရင့်ရေတပ်မတော် ရေငုပ်သင်္ဘောများ၌ တာဝန်ထမ်းဆောင်နေသူ တပ်ဖွဲ့ဝင်များသည် သင်္ဘောပေါ်သို့ တက်ရောက်ပါက ကျည်ထည့်ထားသော သေနတ်များ ယူဆောင်လာလေ့မရှိပေ။

အိတ်ချ်အမ်အက်စ်အက်စ်ကျု ရေငုပ်သင်္ဘောသည် စကော့တလန်ရေပြင်၌ အခြေစိုက်ပြီး ဆောက်သမ်ပတန်မြို့သို့ ငါးရက်ကြာ အလည်အပတ်ခရီး သွားရောက်ခဲ့ခြင်းဖြစ်သည်။ **အေပီ။**

တာလေမြို့နယ် ငလျင်ဒဏ်သင့်ပြည်သူများအတွက် ငွေများလှူဒါန်း

နေပြည်တော် ဧပြီ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ် ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ မေခလာခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲ၌ စွမ်းအင်ဝန်ကြီးဌာနက ငွေကျပ်၄၆သိန်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာ-တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရေးစီမံကိန်းတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် CNPC South- East Asia Pipeline Company Limited က FEC ၅၀၀၀၀ နှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited က FEC ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တာချီလိတ်ခရိုင် တာလေမြို့နယ် ငလျင်ဒဏ်သင့် ပြည်သူများအတွက် CNPC South- East Asia Pipeline Company Limited **မှ အလှူငွေပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် လက်ခံစဉ်။**

(သတင်းစဉ်)

ဝန်ကြီး ဦးဇော်မင်း သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၈

သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်း၏ ရေထိန်းတမံ အမျိုးအစားမှာ ကွန်ကရစ်မျက်နှာပြင် ကျောက်ဖြည့်တမံ (Concrete Faced Rock Fill Dam) (CFRD) **အမျိုးအစားဖြစ်ပြီး စက်တစ်လုံးလျှင် မဂ္ဂါဝပ် ၄၀ရှိ စက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၂၀ မှ စီမံကိန်းပြီးစီးပါက တစ်နှစ်လျှင် ပျမ်းမျှ ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၆၀၄ သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်သည်။**

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့၏ အရှေ့ဘက် ၁၄ မိုင်ခန့်အကွာ သောက်ရေခပ်ချောင်းပေါ်၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ရွှေ စွမ်းအင်ကုမ္ပဏီတို့ B.O.T စနစ်ဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သောက်ရေခပ်(၂) ရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိရာ ရွှေ စွမ်းအင်ကုမ္ပဏီဥက္ကဋ္ဌက ရေလွှဲဥမင်လိုဏ် ဖောက်လုပ်ပြီးစီးမှု၊ ယာယီရေတားတမံ တည်ဆောက်ပြီးစီးမှု၊ ပင်မတမံလုပ်ငန်း ဆောင်ရွက်နေမှု၊ ရေပိုလွှဲလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ရေပိုလွှဲတည်ဆောက်မည့်နေရာ၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှု၊ ရေသွယ်ဥမင်လိုဏ် အဝင်ပိုင်း တူးဖော်နေမှု၊ ပင်မတမံ လုပ်ငန်းဆောင်ရွက်နေမှု၊ တမံအောက်ခြေအတွင်း Plinth Line Foundation ပြုလုပ်နေမှု၊ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှုနှင့် ရေသွယ်ဥမင်လိုဏ်အထွက်ပိုင်း တူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း သောက်ရေခပ်(၂) ရေအားလျှပ်စစ် စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(လျှပ်စစ်-၁)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ခရီးစဉ်များအားလုံး မဟာသင်္ကြန်ကာလအတွင်း အရပ်အနားမရှိ ပို့ဆောင်ပေးမည်

ရန်ကုန် ဧပြီ ၈

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ မြန်မာနိုင်ငံအနှံ့ သယ်ယူပို့ဆောင်ပေးနေသည့် ရေယာဉ်ခရီးစဉ်အားလုံး လာမည့်မဟာသင်္ကြန်ကာလနှင့် နှစ်သစ်ကူးရုံးပိတ်ရက်ကာလများတွင် ရပ်နားခြင်းမရှိ သယ်ယူပို့ဆောင်ပေးမည်ဖြစ်သည်။

ထိုသို့ ရပ်နားခြင်းမရှိပြေးဆွဲပေးခြင်းသည် အနယ်နယ်အရပ်ရပ်ရှိ အလွှာစုံမှ ခရီးသွားပြည်သူများ နှစ်သစ်ကူးရုံးပိတ်ရက်တွင် လိုရာခရီးကို အဆင်ပြေစွာသွားလာနိုင်စေရန်နှင့် ယနေ့ကာလ နှစ်သစ်ကူးရုံးပိတ်ရက်သည်လည်း ရက်ရှည်ဖြစ်ရာ ယင်းကာလအတွင်း တစ်နေရာမှ တစ်နေရာသို့ ကူးသန်းသွားလာလိုသူ ခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက်ဖြစ်သည်။ ထို့အပြင် နှစ်သစ်ကူးကာလအပြီး မိမိတို့၏ သက်ဆိုင်ရာလုပ်ငန်းများ၊ ရောင်းဝယ်မှု၊ ပညာသင်ကြားမှုတို့အတွက် ပြန်လည် ဝင်ရောက်ရာတွင် ဇာတိမှ ပြန်လာကြမည့်သူများ ယခင်ထက် ပိုမိုများပြားလာသည်ကို တွေ့ရှိရသည့်အတွက်လည်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ပို့ဆောင်ပေးရာတွင် သယ်ယူပို့ဆောင်ခနှုန်းထားများကို တိုးမြှင့်ကောက်ခံခြင်းမပြုဘဲ ယခင်နှုန်းထားများအတိုင်းသာ ကောက်ခံပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

စိုက် ပျိုး ရေး စွမ်း အား

နိုင်ငံခြားဈေးကွက်ဝင် မတ်ပဲ ဖြူးမြို့နယ်တွင် အထွက်ကောင်း

ရန်ကုန် ဧပြီ ၈

နိုင်ငံခြားဈေးကွက်ဝင် အထွက်နှုန်းကောင်း၍ အရည်အသွေးကောင်းမွန်သည့် မျိုးကောင်းမျိုးသန့် မတ်ပဲများကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အလိုက် တောင်သူလယ်သမားကြီးများက ကွက်လပ်မချန် ရာသီအမီ စိုက်ပျိုးထားရာ ဖြူးမြို့နယ်သည် ရာသီဥတုမျှတ ကောင်းမွန်မှုကြောင့် တစ်ကြောင်း၊ မြေအစိုဓာတ်ကို ကြိုက်နှစ်သက်သည့် မတ်ပဲစိုက်ခင်းများ၏အလိုကျ နိုဝင်ဘာလတွင် မိုးသုံးကြိမ်၊ ဇန်နဝါရီလတွင် မိုးနှစ်ကြိမ် ရွာသွန်းခဲ့သည့်အတွက် တောင်သူလယ်သမားများ စိုက်ပျိုးထားသည့် မတ်ပဲခင်းများ အထူးဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် မိုးစပါး ၁၅၄၃၅၆ ဧကစိုက်ပျိုးခဲ့ပြီး နွေစပါး ဧက ၉၃၀၀၊ ပဲတီစိမ်း ၈၅၄ ဧက၊ ပဲစင်းငုံ ၁၄၇ ဧက၊ ဆီထွက်သီးနှံနေကြာ ဧက ၂၃၉၀၀ စိုက်ပျိုးထားပြီး မတ်ပဲ ၉၉၃၃၂ ဧက စိုက်ပျိုးထားကြောင်းသိရှိရပြီး မတ်ပဲ အများဆုံး စိုက်ပျိုးသော နယ်မြေမှာ ငါးခေါင်းအင်းကျေးရွာဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မြေကြီးမြေပုံမြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေးလုပ်ငန်း ရှင်းလင်း

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြေကြီးမြေပုံမြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေးဆောင်ရွက်ရန်အတွက် ခရိုင်/မြို့နယ်မြေစာရင်းဦးစီးမှူးများအား ဧပြီ ၆ ရက်တွင်လည်းကောင်း၊ လှည်းကူးမြို့နယ်မြေစာရင်းဦးစီးဌာန ဝန်ထမ်းများအား ဧပြီ ၇ ရက်တွင်လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်းက**(အောက်ပုံ)**ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ဧပြီ ၈ ရက်မှ မေ ၃၀ ရက်ထိ လှည်းကူးမြို့နယ်တွင် မြေကြီးမြေပုံမြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေးအတွက် တိုင်းဒေသကြီးအတွင်း ဝန်ထမ်းအင်အား ၉၅ ဦးအား စုဖွဲ့၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြေစာရင်း)

ဧပြီ ၈ရက်က ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ ကျင်းပသော ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတ နိုင်ငံခေါင်းဆောင်ကြီး H.E. Mr. Kim IL Sung **၏ (၉၉) နှစ်မြောက်နှစ်ပတ်လည် မွေးနေ့အခမ်းအနား သို့ တက်ရောက် လာသော အားကစားဝန်ကြီး ဌာန ဒုတိယ ဝန်ကြီး ဦးအေးမြင့်ကြူ အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး** H.E. Mr. Kim Sok Chol **ကြိုဆို နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

မုံရွာမြို့နယ် ရွာတုံစံပြကျေးရွာ တိုးတက်ဝင်း လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသား တောင်သူများအား သက်တံရောင် သမဝါယမအသင်း၏ ပံ့ပိုးမှုဖြင့် စိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ရွာတုံစံပြကျေးရွာရှိ ဖွံ့ဖြိုးရေးခန်းမ၌ ကျင်းပရာ တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀နှုန်းဖြင့် ကျပ်သိန်း ၁၅၀ ထုတ်ချေး ပေးစဉ်။

(၄၆၉)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် အင်းလေးဖောင်တော်ဦးဘုရားအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်း မိသားစုဝင်များအားတွေ့ဆုံ အင်းလေးဖောင်တော်ဦးဘုရားနှင့် အလိုတော်ပေါက်ဘုရားအား ဖူးမြော်ကြည်ညို ဗထူးတပ်နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအား လှည့်လည်စစ်ဆေး

နေပြည်တော် ဧပြီ ၈

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဧပြီ ၇ ရက် နံနက် ၇ နာရီခွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ သြဝါဒစကားပြောကြားသည်။

ထို့နောက် နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဗိုလ်ချုပ်ကြီးနှင့်အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦးဘုရားသို့ ရောက်ရှိကြကာ အင်းလေးဖောင်တော်ဦးဘုရားအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း တို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်းများ ကပ်လှူကြသည်။

ထို့နောက် ဘုရားကြီးအတွက် အလှူငွေများပေးအပ်လှူဒါန်းပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကာ ဘက်စုံပြုပြင်မွမ်းမံထားရှိမှု များကို လှည့်လည်ကြည့်ရှုသည်။

ထိုမှတစ်ဆင့် အလိုတော်ပေါက်ဘုရားသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ် အား ပန်း၊ ရေချမ်း၊ သစ်သီးတို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းများ ကပ်လှူကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးနှင့်အဖွဲ့ဝင်များသည် ဘုရားကြီးအတွက် အလှူငွေများ ကို ပေးအပ်လှူဒါန်းပြီး လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

အားပေးစကားပြောကြား

ဗိုလ်ချုပ်ကြီးနှင့်အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ တပ်မတော်ဆေးရုံသို့ရောက်ရှိကာ အမျိုးသမီးလူနာဆောင်နှင့် အမျိုးသားလူနာဆောင်တွင် တက်ရောက်ဆေးဝါးကုသမှု ခံယူလျက်ရှိသော စစ်သည်မိသားစုများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် ဗထူးတပ်မြို့ တပ်မတော်ဆေးရုံ၏ အဆောက်အအုံ အကွက်ချပုံစံကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဗိုလ်ချုပ်ကြီးနှင့်အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)၏ နို့စားနွားမွေးမြူရေးခြံ၌ နို့စားနွားများအား နို့ညှစ်စက်ဖြင့် နို့ညှစ်နေမှုနှင့် မွေးမြူထားမှု၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)၏ နို့စားနွားမွေးမြူရေးခြံ၌ နို့ထွက်ပစ္စည်းများထုတ်လုပ်နိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)၌ လက်ဖက်စိုက်ခင်း ငါးဧကတွင် လက်ဖက်ပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

❒ စာမျက်နှာ ၆ မှ

ဘဲမွေးမြူထားရှိမှု၊ ဗထူးစမ်းမှ သဘာဝရေထွက်ရှိမှု၊ နို့စစ်ခန်း၌ ထွက်ရှိသော နွားနို့မခမ်းဒေယာပတ်၊ ခရင်မ်စသည့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နိုင်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လက်ဖက်စိုက်ခင်း ငါးဧကတွင် လက်ဖက်ပင်များ စိုက်ပျိုးထားရှိမှုနှင့် အရိပ်ရလေကာ နေကာပင်များ၊ နှစ်ရှည်ပင်များပျိုးထောင်ထားမှုကိုလည်းကောင်း၊ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)ရှိ အောင်ဆန်းခန်းမကြီး ပြုပြင်ထိန်းသိမ်းထားရှိမှုကိုလည်းကောင်း၊ အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များဆိုင်ရာ စက်ပစ်ကွင်း တည်ဆောက်ရေးစီမံကိန်းကိုလည်းကောင်း၊ စက်ပစ်ကွင်း၌ ပွဲကြည့်ဆောင် တည်ဆောက်ရန်အတွက် ပုံစံငယ်ထုတ်ထားမှုကိုလည်းကောင်း၊ မီတာ ၁၀၀ ပစ္စတို စက်ပစ်ကွင်း၌ ပြသထားသည့် ပေါ်ပျောက်စက်နှင့် ရွေ့လျားစက်များဖြင့် လက်တွေ့သရုပ်ပြမှုနှင့် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပါဝင်ယှဉ်ပြိုင်

အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ တပ်မတော်များ ချစ်ကြည်ရင်းနှီးမှုရှိစေရန်နှင့် သေနတ်ပစ်စွမ်းရည် တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ၁၉၉၁ ခုနှစ်မှ စတင်ကာ ကျင်းပခဲ့သည်။

၁၉၉၉ ခုနှစ် (၉)ကြိမ်မြောက် ပြိုင်ပွဲအထိ သေနတ်ပစ်ပြိုင်ပွဲဝင်အသင်း ခြောက်နိုင်ငံသာပါဝင်ခဲ့ပြီး ၂၀၀၀ပြည့်နှစ် (၁၀)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲမှစ၍ အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံစလုံး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)၌ အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဧပြီ ၈ ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ ရုရှားသံရုံး၌ ကျင်းပသော ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တို့၏ နှစ် (၆၀)မြောက် သံတမန်ဆက်ဆံရေးထူထောင်မှု အထိမ်းအမှတ်ညှော်ခံပွဲနှင့် ပထမဆုံး လူလိုက်ပါသည့် အာကာသယာဉ် လွှတ်တင်အောင်မြင်မှု ရွှေရတုနှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Mikhail MGELADZE ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးဝင်းထွန်းအား UNDP ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းထွန်းအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)ဌာနေကိုယ်စားလှယ် Mr.Bishow B.Parajuli နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒီရေတောများအပါအဝင် သစ်တောသယံဇာတထိန်းသိမ်းရေး၊ ဝန်ထမ်းများနှင့် ဒေသခံလူထုအား သစ်တောထိန်းသိမ်းရေးဆိုင်ရာ သင်တန်းများပို့ချရေးနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(တောင်ငူ)မှ ဦးဆောင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို မတ် ၁၄ ရက်က တောင်ငူမြို့ ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းမြင့် ဟောပြောစဉ်။

(၄၇၂)

တောင်ပိုင်းဒေသများ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ အောင်လံမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များ**မှာ ကော့သောင်းမြို့တွင် သုည ဒသမ ၃၅ လက်မနှင့် ကျိုင်းတုံမြို့တွင် သုည ဒသမ ၂၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဧပြီလ ပထမသီတင်းပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။ ။ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

Doaru အလှကုန် အရောင်းကိုယ်စားလှယ်ကြီးများ ဗီယက်နမ်နိုင်ငံ အပန်းဖြေခရီးစဉ်နှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

SHANGRILA - LEAP International Co., Ltd. က Doaru အလှကုန်ပစ္စည်း ဖြန့်ဖြူးရောင်းချပေးသည့် အရောင်း ကိုယ်စားလှယ်ကြီးများအား ဗီယက်နမ်နိုင်ငံ အပန်းဖြေခရီးစဉ်နှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို မတ် ၁၂ ရက် ညနေတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် SHANGRILA -LEAP International Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဒါရိုက်တာ ဦးညွန့်ဝေက ဆုချီးမြှင့်ပွဲ ကျင်းပနိုင်ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံ အပန်းဖြေခရီးစဉ်သို့ လိုက်ပါခွင့်ရရှိသူ အထက်မြန်မာပြည်မှ နယ်အရောင်းကိုယ်စားလှယ်သုံးဦး၊ အောက်မြန်မာပြည်မှ နယ်အရောင်းကိုယ်စားလှယ်သုံးဦး၊ အထက်မြန်မာပြည် လက်ကားအရောင်းကိုယ်စားလှယ်သုံးဦး၊အောက်မြန်မာပြည် လက်ကားအရောင်းကိုယ်စားလှယ်သုံးဦး၊ အထက်မြန်မာပြည် PG Qutlet ဆိုင်ရှင်သုံးဦးနှင့် အောက်မြန်မာပြည် PG Qutlet ဆိုင်ရှင်သုံးဦးတို့အား တာဝန်ရှိသူတို့က အပန်းဖြေခရီးစဉ် လိုက်ပါခွင့်များကို ပေးအပ်ကြသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံ အပန်းဖြေခရီးစဉ်လိုက်ပါခွင့်ရရှိသူ အရောင်းကိုယ်စားလှယ်ငါးဦးတို့အား ကံစမ်းမဲနှိုက်၍ ရွေးချယ်ကြသည်။ ဆက်လက်၍ ကံစမ်းမဲအစီအစဉ်ဖြင့် အရောင်းကိုယ်စားလှယ်ကြီးများအား လက်ဆောင်များပေးအပ်၍လည်းကောင်း၊ ကျန်ရှိသည့် အရောင်းကိုယ်စားလှယ်ကြီးများအား ကုမ္ပဏီကသတ်မှတ်ထားသည့် လက်ဆောင်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ခန့်အပ်ရန် စနစ်တကျ အဆင့်ဆင့် ရွေးချယ်လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်က ပြုစုပျိုးထောင်သင်ကြားပေးခဲ့ရခြင်း၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်သည် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်၏ အကျိုးကို စွမ်းစွမ်းတမံ ထမ်းရွက်ကျေပွန်စေရန်ပင်ဖြစ်ကြောင်း။

လေ့လာဆည်းပူး

ယနေ့ ရဲဘော်တို့ကို ရာထူး/အဆင့်များ ခန့်အပ်ပေးလိုက်ခြင်းအတွက် ရဲဘော်တို့အနေဖြင့် မိမိကိုယ်ကို အရည်အချင်းပြည့်ဝသည့် ခေါင်းဆောင်များအလိုအလျောက်ဖြစ်လာပြီဟု ခံယူသတ်မှတ်ထားခြင်းမျိုးကို ရှောင်ကြဉ်ပြီး ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာရန် ကျရာတာဝန်များတွင် ထမ်းဆောင်ရင်း ဆက်လက် လေ့လာဆည်းပူး သင်ယူကြရမည်ဖြစ်ကြောင်း။

ခေါင်းဆောင်မှုဆိုသည်မှာ လူသားများ၏ စိတ်ဓာတ်နှင့် စွမ်းရည်ကို စနစ်တကျ စုစည်းပြီး စွမ်းအင်တစ်ရပ်ရရှိအောင် ဖော်ဆောင်နိုင်သော အရည်အချင်းပင်ဖြစ်ကြောင်း၊ ထို့အပြင် စစ်မှန်သည့် ခေါင်းဆောင်မှုဆိုသည်မှာ ကိုယ်တိုင် စံနမူနာပြ နေထိုင်ကျင့်ကြံပြောဆိုပြီး လက်အောက်ငယ်သားများ၏ ချစ်ခင်လေးစားမှု၊ ပတ်ဝန်းကျင်ရှိ လူများနှင့် လေးစားစွာ အသိအမှတ်ပြုခြင်းကို ခံယူရရှိနိုင်ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်မှုအပြည့်အဝ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူစဉ်။

(သတင်းစဉ်)

နိုင်မှသာ နိုင်ငံတော်က ယုံကြည်အားကိုးရသည့် တပ်မတော်၊ နိုင်ငံတကာက လေးစားရသည့်တပ်မတော်အဖြစ် ရောက်ရှိလာမှာဖြစ်ကြောင်း၊ အရေးကြုံလာလျှင် ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်နိုင်ငံကိုကာကွယ်နိုင်အောင် လုပ်ဆောင်ကြရမှာပင်ဖြစ်ကြောင်း။

လုပ်ငန်းကြီး(၄)ရပ်

ထို့ကြောင့် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်ဖြစ်သော လေ့ကျင့်ရေးနှင့် တည်ဆောက်၊ အုပ်ချုပ်ရေးနှင့် တည်ဆောက်၊ သက်သာချောင်ချိရေးနှင့် တည်ဆောက်၊ စိတ်ဓာတ်နှင့် တည် တိုးတက်နေသောကြောင့် အမြဲမပြတ်လေ့လာပြီး မိမိကိုယ်တိုင် တိုးတက်အောင် ကြိုးစားနေရန် လိုအပ်ကြောင်း၊ ရဲဘော်တို့သည် မိမိတပ်ဖွဲ့ဝင်များ၏ အရည်အသွေးတိုးတက်ရေးအတွက် အမြဲ ကြိုးစည်လုပ်ဆောင်နေကြရမည်ဖြစ်ကြောင်း၊ သို့မှသာ အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်း တိုက်ပွဲဝင်အသင့်ဖြစ်ရမည်ဆိုသည့် မြဲသုံးမြဲနှင့် ပြည့်စုံကြမည် ဖြစ်ကြောင်း။

မိမိတို့တပ်မတော်သည် အဓိကတာဝန်ကြီးသုံးခုဖြစ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေး

ပါဝင်တက်ရောက်

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲကိုလည်း ပြည်သူများ အေးချမ်းစွာနှင့် ဆန္ဒမဲပေးနိုင်ခဲ့ကြကြောင်း၊ ပြည်သူများ အေးအေးချမ်းချမ်းဖြင့် ဆန္ဒပြုနိုင်ခဲ့ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ဂုဏ်ယူစရာ ဖြစ်သကဲ့သို့ တပ်မတော်၏ သမိုင်းဝင် လုပ်ဆောင်ချက်လည်းဖြစ်ကြောင်း၊ ပြည်သူများ၏ ဆန္ဒနှင့်ရွေးချယ်ခဲ့ပြီး ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော ပြည်သူ့ကိုယ်စားလှယ်များနှင့် ပထမအကြိမ် လွှတ်တော် ကျင်းပပြီးစီးခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက "မတူညီတဲ့ သဘောထားအမြင်တွေ ရှိနေကြသော်လည်း တိုင်းပြည်ရဲ့ အကျိုးစီးပွားအတွက် တူညီတဲ့ကိစ္စတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမယ်၊ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းကျစွာဖြင့် ရယူကြမယ်ဆိုရင် လူသာစုခေါ်၊ နတ်သာစုခေါ်ကြမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့အစိုးရအဖွဲ့ အနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်

ငွေဓားဆုချီးမြှင့်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၄)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း ဖြိုးဝေအောင်အား ငွေဓားဆု ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရရှိရန်အတွက် ခေါင်းဆောင်မှု အင်္ဂါရပ် (၁၆)ရပ်နှင့်ပြည့်စုံအောင် ကြိုးစားလုပ်ဆောင်ကြရန် လိုအပ်ကြောင်း။

စွမ်းရည်သုံးရပ်

မိမိတို့တပ်မတော်သည် နိုင်ငံတော်တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ရန်အတွက် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည် ဆိုသည့် စွမ်းရည်သုံးရပ် အစဉ်ပြည့်ဝနေရန် လိုအပ်ကြောင်း။

မိမိတို့တပ်မတော်သည် တိုင်းရင်းသားပြည်သူများကြားမှ သန္ဓေတည်ပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော်ဖြစ်သောကြောင့် ရဲဘော်တို့သည် တာဝန်ကျရာ ဒေသအသီးသီးတွင် ဒေသခံ တိုင်းရင်းသားပြည်သူများအား ကာကွယ်စောင့်ရှောက်ရမည်။ ပြည်သူများနှင့်အတူ လက်တွဲပြီး ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ပေးကြရမည်။ ယင်းမှာ မိမိတို့တပ်မတော်၏ အမျိုးသားနိုင်ငံရေးတစ်ခုပင် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများ ပေါင်းစုနေထိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်သဖြင့် တိုင်းရင်းသားအားလုံး အေးအတူပူအမျှ ချစ်ချစ်ခင်ခင် နေထိုင်ကြမည့် ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ်ရှိရန် လိုကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည် တိုင်းရင်းသားအားလုံး၏ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း၊ တာဝန်ကျရာဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးခြင်းမှာ ပြည်ထောင်စုစိတ်ဓာတ်ကိုလည်း ဖော်ပြနေကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ရာတွင် ကျင့်ဝတ် (၆၀)ပါ ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်များ၊ ခိုင်မာသည့် အခြေခံစည်းရုံးရေးနယ်မြေ တည်ဆောက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် အညီ ကျင့်သုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် တပ်မတော်သည် လွတ်လပ်ရေး ကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရပြီး ကာလများတွင် ပြည်တွင်းပြည်ပအန္တရာယ်အမျိုးမျိုးကို တိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်းပြီး ကာကွယ်စောင့်ရှောက်ခဲ့ကြောင်း၊ ချစ်ကြည်ရင်းနှီးစွာ စုစည်းနေထိုင်ကြသည့် မိမိတို့ပြည်ထောင်စုသားများ ပြိုကွဲအောင် သွေးခွဲသပ်လျှိုလုပ်ဆောင်မှုများကိုလည်း ကာကွယ်ထိန်းသိမ်းပေးခဲ့ကြောင်း၊ ပြည်ပအင်အားကြီးနိုင်ငံများက သူတို့၏ ဩဇာခံနိုင်ငံဖြစ်အောင် အမျိုးမျိုး ကြံဆောင်လုပ်ကိုင်မှုများကိုလည်း ကြံ့ကြံ့ခံ တွန်းလှန်ရပ်တည်ခဲ့ကြောင်း။

ကာကွယ်စောင့်ရှောက်

ထို့ကြောင့် ရဲဘော်တို့အနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အသက်နှင့်လဲပြီး ကာကွယ်စောင့်ရှောက်ရမည် ဖြစ်ကြောင်း။

ယနေ့ကာလတွင် မိမိတို့ တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ ဤကဲ့သို့ တည်ဆောက်ခြင်းတို့ဖြင့် မိမိတို့တပ်မတော်ကိုတည်ဆောက်နေခြင်းပင် ဖြစ်ကြောင်း။

အမြဲလေ့ကျင့်

စည်းကမ်း ကောင်းမွန်ခြင်းသည် အမိန့်နာခံတတ်ခြင်းနှင့် တစ်ဆက်တည်းဖြစ်ကြောင်း၊ မိမိအဖွဲ့အစည်းကို ခိုင်မာပြီး တန်ဖိုးရှိစေသည့် အရာလည်းဖြစ်ကြောင်း၊ တပ်မတော်သားဘဝကို ခံယူလိုက်သည့်အခါ နယ်ဘက်ဥပဒေကို ဆက်လက် စောင့်ထိန်းရသည့်အပြင် စစ်ဘက်ဥပဒေကိုလည်း ထပ်ပိုးလိုက်နာကြသူများ ဖြစ်ကြောင်း၊ တပ်မတော်အဖွဲ့အစည်းသည် စစ်ဘက်၊ နယ်ဘက် စည်းမျဉ်း၊ စည်းကမ်း ဥပဒေများကို ပိုပြီး တိကျစွာ လိုက်နာကြရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်နှင့် စည်းကမ်း ကောင်းမွန်မှုအတွက် တပ်တိုင်း၊ ရဲဘော်တိုင်းတွင် ရှိရမည့် အခြေခံအရည်အချင်း ငါးပါးနှင့် ပြည့်ဝနေအောင် အမြဲလေ့ကျင့်ပေးနေကြရမည် ဖြစ်ကြောင်း။

စစ်မှုအတတ်ပညာများမှာ အမြဲတမ်း တာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိသော်လည်း လိုအပ်လာလျှင် နိုင်ငံရေးတာဝန်များကိုပါ ထမ်းဆောင်နိုင်ခဲ့သည်ကို ရဲဘော်တို့အသိပင် ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် နိုင်ငံတော်၏တာဝန်ကို ယူခဲ့ရာတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း အဆင့်ဆင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ကူးပြောင်းဆောင်ရွက်ပေးနိုင်

၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်အတွင်း မဲပေးခွင့်ရှိသူများ၏ ၉၂ ရာခိုင်နှုန်းကျော် တစ်ခဲနက် ထောက်ခံဆန္ဒပြုမှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ် စသည့် ခေတ်ပြောင်းစနစ်ပြောင်းတို့ကို သိမ်မွေ့ညင်သာစွာဖြင့် ကူးပြောင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

အစည်းအဝေးများကို ကျင်းပပေးပြီး မိမိတို့တပ်မတော်သား ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးများတွင် ပါဝင်တက်ရောက်ခဲ့ကြောင်း။

ကမ်းကြိုဆိုမှာဖြစ်ကြောင်း" အသိပေးပြောကြားခဲ့ပြီးဖြစ်ကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၇) ပုဒ်မ (၃၃၉) မှာ "နိုင်ငံတော်အား

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၄-၂၀၁၁ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ဒီအတိုင်းပဲ"တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၆း၄၀	သက်ဝင်လှုပ်ရှား ရသရုပ်လုံးရုပ်ကြွများ (စလေရုပ်စုံကျောင်းတော်ကြီး)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၆၈)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၂၆)**
၈း၄၅	April Music Show(Part-7)
၉း၂၀	ခါသကြ္ကန်အဆိုအကများ
၉း၃၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၁၅	ဝင်းဦးသင်္ကြန်
၁၀း၃၀	ပြန့်ပွားသာသနာဖြစ်တည်ရာ သုဒ္ဓဝိပဿနာရိပ်သာ
၁၀း၄၅	သွားမယ်စားမယ် (အဝစားဟော့ပေါ့နှင့် အသားကင်)
၁၁း၁၅	Goal of the week
၁၁း၄၀	Activities In The City (မဟာစည်သာသနာ့ရိပ်သာသို့ ထိုင်းနိုင်ငံမမိတ်ဆွေများမှ အလှူငွေပေးအပ်ပွဲ အခမ်းအနား)
၁၁း၄၅	သူတို့ပြောတဲ့ သူတို့အကြောင်း (ချစ်စနိုးဦးနှင့်တွေ့ဆုံခြင်း)
၁၂း၁၅	ရေစကြိုဆရာတော်၏ ဝိဇ္ဇာတမင်္ဂလာနှင့်စာအောင် သံဃာများပူဇော်ပွဲမင်္ဂလာ
၁၂း၃၀	သင်္ကြန် Hair Style Fancy House
၁၂း၄၅	ခါသကြ္ကန်အဆိုအကများ
၁း၀၀	"ဒီအတိုင်းပဲ"တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Ocean Super Center ကြက်ကြော်နှင့် HOT DOG စားပြိုင်ပွဲ
၂း၅၀	ခါသကြ္ကန်အဆိုအကများ
၃း၀၅	အနာဂတ်ဘဝလှပကြသူများ၏ RV! Students Gathering Day
၃း၂၀	MISS EUSHIDO 2011 ၏ အလှဘုရင်မရွေးချယ်ပွဲကြီး
၃း၄၀	ရန်ကုန်မြင်ကွင်းကျယ် (Digital Cottage ၏ PVC Plastic Card Printing)
၃း၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၂၆)**
၄း၄၀	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးဌေးဝင်း) (အပိုင်း-၆)
၅း၀၅	ဖက်ရှင်လမ်းညွှန် (ရွှေကံ့ကော် 2011 ဖက်ရှင်ဒီဇိုင်းသစ်များ)
၅း၃၀	ဂဏန်းသင်္ချာပျော်စရာ (အပိုင်း-၆)
၆း၀၀	MRTV-4 သတင်း
၆း၂၀	ရေသန့်ဆိုသည်မှာ. . .
၆း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၆၉)**
၇း၂၅	April Music Show(Part-8)
၈း၀၀	MRTV-4 သတင်း
၈း၂၅	Barclays Premier League (Tottenham Vs Stoke City)
၁၀း၂၅	Kid's Show
၁၁း၀၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"အနားမညီအချစ်" (အပိုင်း-၂၇)**
၁၁း၅၀	ရနံ့သင်းမွှေး သင်္ကြန်ထမင်း အေးအေးလေး
၁၁း၅၅	World of Knowledge (Doomsday Valcano)
၁၂း၄၅	ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
၁၂း၅၅	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Jue Jue မင်္ဂလာဖိတ်စာနှင့် လက်ဆောင်ကမ်းပစ္စည်း)
၁း၂၀	ဇီးအိုရှာနှင့် သဘာဝ အင်ကြင်းတော
၁း၂၅	စွဲမက်ဖွယ်ရာရတနာ ကြည်လင်အေးမြ မြကျောက်အလှ (အပိုင်း-၁)
၂း၀၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကျောက်ငါးသုတေသန သားဖောက်လုပ်ငန်း)
၂း၁၅	အလှဆင်စရာ ပရိဘောဂကမ္ဘာ (ချမ်းမြေ့သာ)
၂း၃၀	Smart Dictionary အကြောင်း သိကောင်းစရာ

ကျင်းပပြီးစီးခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက "မတူညီတဲ့ သဘောထားအမြင်တွေ ရှိနေကြသော်လည်း တိုင်းပြည်ရဲ့ အကျိုးစီးပွားအတွက် တူညီတဲ့ကိစ္စတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမယ်၊ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းကျစွာဖြင့် ရယူကြမယ်ဆိုရင် လူသာစုခေါ်၊ နတ်သာစုခေါ်ကြမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့အစိုးရအဖွဲ့ အနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်

ပြည်တွင်း၊ ပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်"ဟု ပြဋ္ဌာန်းထားချက်နှင့်အညီ တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဟန့်တားနှောင့်ယှက်သည့် ပြည်တွင်း၊ ပြည်ပ အကြမ်းဖက်လုပ်ရပ်များ ချုပ်ငြိမ်းသွားရန် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ပင်မစွမ်းအားကြီး

နိဂုံးချုပ်အနေဖြင့် ပြောရလျှင် ရဲဘော်တို့သည် အင်အားတောင့်တင်း

ကမ်းကြိုဆိုမှာဖြစ်ကြောင်း" အသိပေးပြောကြားခဲ့ပြီးဖြစ်ကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၇) ပုဒ်မ (၃၃၉) မှာ "နိုင်ငံတော်အား

ပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော်ဖြစ်ရေး၏ လူသားအရင်းအမြစ်များ ဖြစ်သည့်အပြင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး

တိုးတက်သည့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြရမည့် ပင်မစွမ်းအားကြီးလည်း ဖြစ်ကြောင်း။

"တပ်မတော်(ကြည်း) တွင် စွမ်းရည်ပြည့်ဝသော အရာရှိကောင်းများ ဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုအား ပိုင်နိုင်စွာ ဦးစီးကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်ရန်" ဆိုသည့် ကျောင်း၏ရည်ရွယ်ချက်အတိုင်း နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားလောက်သည့် စစ်ဘက်ခေါင်းဆောင်များဖြစ်အောင် ကြိုးစားကြပါဟု မှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် စစ်ရေးပြကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းနှင့် မိဘများအား ဗထူးတပ်နယ်ရိပ်သာခန်းမ၌ တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်စကား ပြောကြားသည်။

(သတင်းစဉ်)

ဂုဏ်ပြုချီးမြှင့်စကားပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းနှင့် မိဘများအား ဂုဏ်ပြုချီးမြှင့်စကား ပြောကြားစဉ်။

(သတင်းစဉ်)

ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးစဉ်။

(သတင်းစဉ်)

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများ ပေါင်းစုနေထိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်သဖြင့် တိုင်းရင်းသားအားလုံး အေးအတူပူအမျှ ချစ်ချစ်ခင်ခင် နေထိုင်ကြမည့် ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ် ရှိရန်လို၊ ပြည်ထောင်စုစိတ်ဓာတ်သည် တိုင်းရင်းသားအားလုံး၏ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်၊ တာဝန်ကျရာ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးခြင်းမှာ ပြည်ထောင်စုစိတ်ဓာတ်ကိုလည်း ဖော်ပြနေ။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

(Tottenham Vs Stoke City)
၁၀း၂၅ Kid's Show
၁၁း၀၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"အနားမညီအချစ်" (အပိုင်း-၂၇)**
၁၁း၅၀ ရန့်သင်းမွှေး သကြ်န်ထမင်း အေးအေးလေး
၁၁း၅၅ World of Knowledge (Doomsday Valcano)
၁၂း၄၅ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
၁၂း၅၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Jue Jue မင်္ဂလာဖိတ်စာနှင့် လက်ဆောင်ကမ်းပစ္စည်း)
၁း၂၀ ဇီးအိုရှာနှင့် သဘာဝ အင်ကြင်းတော
၁း၂၅ စွဲမက်ဖွယ်ရာရတနာ ကြည်လင်အေးမြ မြကျောက်အလှ (အပိုင်း-၁)
၂း၀၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကျောက်ငါးသုတေသနသားဖောက်လုပ်ငန်း)
၂း၁၅ အလှဆင်စရာ ပရိဘောဂကမ္ဘာ (ချမ်းမြေ့သာ)
၂း၃၀ Smart Dictionary အကြောင်း သိကောင်းစရာ
၂း၄၅ နှလုံးသားရဲ့ခံစားမှုတိုင်းကို မှတ်တမ်းတင်စေမယ့် 7 Picture
၃း၁၀ သာယာလှပ တောင်ပေါ်ညောင်ရွှေမှ စမ်းသပ်အောင်မြင် ပုစွန်ကန်ရေပြင်
၃း၃၀ Shooting Location (ဘဝတံခွန်)
၃း၄၅ ဗဟုသုတများစုဆောင်းရာ Knowledge Bank
၄း၁၅ ခံစားချက်တို့ပေါင်းစုံရာ. . .
ငပလီကမ်းခြေသာ
၄း၂၀ မန်းရွှေစက်တော်မှ ခြေတော်ရာဦး ဖူးရအောင်
၄း၃၀ ဇီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့ (ငှက်ပျောကြော်၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ) (ဒါရိုက်တာ-ကိုရွှေမိုးသက်)
၄း၄၀ ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၁၀	Wolverhampton - Everton	ESPN (Live)
၈း၂၅	Man U - Fulham	ESPN (Live)
	Tottenham - Stoke City	STAR SPORTS (Live)
၁၀း၃၀	Blackburn - Birmingham	ESPN (SDD)
၁၁း၀၀	Sunderland - Westbromwich	STAR SPORTS (SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

အာဆီယံနိုင်ငံများအတွင်း ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ ပါလီမန်အမတ်များ၏ အခန်းကဏ္ဍ နှီးနှောဖလှယ်ပွဲသို့ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဧပြီ ၈

ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဆန်ဒက်အဂ္ဂမဟာ မိုဟာပွန်ဟက်ချက်ကရီ မစ္စတာဟန်ဆင်မရင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ဧပြီ ၃ ရက်မှ ၆ ရက်အထိ သွားရောက်ခဲ့သည်။

မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အဖွဲ့ဝင်များအဖြစ် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဦးလှမြင့်ဦး၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးခက်ထိန်နန်တို့ ပါဝင်ကြပြီး အဖွဲ့အတွင်းရေးမှူးအဖြစ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း လိုက်ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၃ ရက်မှ ၆ ရက်အထိ အာဆီယံပါလီမန်အမတ်များညီလာခံက ကြီးမှူးပြီး ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံနိုင်ငံများအတွင်း ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ ပါလီမန်အမတ်များ၏ အခန်းကဏ္ဍ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ခဲ့ပြီး ဦးမြညိမ်းက ပါဝင်ဆွေးနွေးသည်။

မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးမြညိမ်းသည် ဧပြီ ၄ ရက် ဆွေးနွေးပွဲအပြီးတွင် ကမ္ဘောဒီးယား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား သီးခြားတွေ့ဆုံပြီး မြန်မာနိုင်ငံပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ပေးပို့သည့် မြန်မာနိုင်ငံမှ အာဆီယံပါလီမန်အမတ်များ ညီလာခံသို့ တင်းပြည့်အဖွဲ့ဝင်အဖြစ်ပါဝင်ရန် အကြောင်းကြားစာကို ညီလာခံအလှည့်ကျ သဘာပတိ မစ္စတာဟန်ဆင်မရင်ထံ ပေးအပ်ခဲ့သည်။ မစ္စတာဟန်ဆင်မရင်ကလည်း မြန်မာနိုင်ငံ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများ ကြားသိရ၍ များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံမှ အဆင့်မြင့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့စေလွှတ်သည့်အတွက် များစွာ ကျေးဇူးတင်ပါကြောင်း၊ တင်းပြည့်အဖွဲ့ဝင်ဖြစ်ရေးအတွက် ကမ္ဘောဒီးယားနိုင်ငံက ယခုနှစ်အတွင်း လက်ခံကျင်းပမည့် ညီလာခံတွင် ဆုံးဖြတ်ချက်ရယူဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ဧပြီ ၅ ရက် ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယား အမျိုးသားလွှတ်တော်သို့ ဖိတ်ကြားပြီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အာဆီယံပါလီမန်အမတ်များ ညီလာခံအဖွဲ့ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကော်မရှင် ခေါင်းဆောင် ဒေါက်တာချီယန်ရီ ဦးဆောင်၍ ကော်မရှင်ဥက္ကဋ္ဌများ ပါဝင်သောအဖွဲ့က နှစ်နိုင်ငံလွှတ်တော်များ ချစ်ကြည်စွာ လက်တွဲပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ရေး လုပ်ငန်းအစီအစဉ်များကို ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးမြညိမ်းနှင့် အဖွဲ့ဝင်များက မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု၊ လွှတ်တော် အဆင့်ဆင့်ဖွဲ့စည်းမှုနှင့် လာမည့်ညီလာခံတွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ပြန်လည်ဆွေးနွေးကြသည်။

နှီးနှောဖလှယ်ပွဲ ကျင်းပနေစဉ်အတွင်း မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယား အမျိုးသားလွှတ်တော် နိုင်ငံခြားရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပြန်ကြားရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာချီဟိန်ဗန်က လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံနိုင်ငံများအတွင်း ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ ပါလီမန်အမတ်များ၏ အခန်းကဏ္ဍ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

ထိုင်းဘုရင့်သမီးတော်ဖလား စက်ဘီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာလက်ရွေးစင် စက်ဘီးအသင်း ထိုင်းနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။ (စက်ဘီးအဖွဲ့ချုပ်)

ထိုင်းဘုရင့်သမီးတော်ဖလား စက်ဘီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလက်ရွေးစင်စက်ဘီးအသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၈

၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှ ၆ ရက်အထိ ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ကျင်းပမည့် ထိုင်းဘုရင့်သမီးတော်ဖလား စက်ဘီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းသန်း ခေါင်းဆောင်သော မြန်မာလက်ရွေးစင် စက်ဘီးအသင်းသည် မတ် ၃၀ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာလက်ရွေးစင် စက်ဘီးအသင်း နည်းပြချုပ်အဖြစ် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် အမှုဆောင် ဦးဂျွန်ဆင်း၊ နည်းပြအဖြစ် ဦးသာထွန်းကျော်၊ လက်ထောက်နည်းပြအဖြစ် ဦးတင်မောင်ဇင်တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။ မြန်မာလက်ရွေးစင် စက်ဘီးသမားများအဖြစ် ဖြိုးဝေဇင်နှင့် ချစ်ကိုကို (လယ်/ဆည်)၊ မျိုးလွင် (ဘဏ္ဍာ/အခွန်)၊ အောင်ဖြိုးဝေ (MAXXIS) နှင့် အေဘယ်(လ်) (တပ်မတော်-လေ)တို့ လိုက်ပါသွားကြောင်း သိရသည်။ (ကြေးမုံ)

ကျိုက်ထီးရိုးရင်ပြင် မီးဘေးကြိုတင်ကာကွယ်ရေး ရေဂါလန် ငါးသောင်းသိုလှောင်နိုင်သည့် မြေသပိတ်ရေကန်၊ ရေဂါလန် နှစ်သောင်းဆံ့ စတားမီးသတ်ရေကန်၊ ရေဂါလန် တစ်သောင်းငါးထောင်ဆံ့ ဘိုးဘိုးနီမီးသတ်ရေကန်များနှင့် အရေးပေါ် မီးသတ်ရေငုပ်ကို တာဝန်ရှိသူများ စစ်ဆေးကြစဉ်။ (၃၈၇)

မြဝတီမြို့ အထက်တန်းကျောင်း ကျောင်းဝင်းအတွင်း ပေါက်ကွဲမှုတစ်ခု ဖြစ်ပွား
ပျက်စီးမှုအနည်းငယ်ရှိသော်လည်း လူထိခိုက်ဒဏ်ရာရရှိမှုမရှိ

နေပြည်တော် ဧပြီ ၈

ကရင်ပြည်နယ် မြဝတီမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်းအတွင်း၌ ဧပြီ ၇ ရက် ည ၈ နာရီခန့်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း၊ ပျက်စီးမှုအနည်းငယ် ရှိသော်လည်း လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

ပေါက်ကွဲမှုဖြစ်ပွားရာသို့ နယ်မြေခံတပ်နယ်မှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတို့မှ တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးရာ ပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာမှာ ကျောင်းဝင်းအတွင်းရှိ ကျောင်းသားသုံး ရှစ်ခန်းတွဲ ရေအိမ်နှင့် ကျောင်းခြံစည်းရိုး အုတ်တံတိုင်းကြား၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ပေါက်ကွဲမှုကြောင့် ကျောင်းသားသုံး ရေအိမ်အနီး၌ အချင်းရှစ်လက်မ၊ အနက်သုံးလက်မခန့်ရှိ ကျင်းငယ်တစ်ခုဖြစ်ပေါ်ခဲ့ကာ ကျောင်းသားသုံးရေအိမ် ဖိုင်ဘာတံခါး ခြောက်ချပ်၊ အမိုးသွပ် ရှစ်ချပ်၊ ကျောင်းသူသုံးရေအိမ်မှ ပလတ်စတစ် မီလ္လာပိုက်နှင့် ကျောင်းဆောင်တစ်ဆောင်၏ တံခါးများမှ မှန်အချပ် ၆၀ ခန့်တို့ ပျက်စီးသွားခဲ့ကြောင်း၊ လူထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် ကျောင်းသားသုံးရေအိမ် ဖိုင်ဘာတံခါး ခြောက်ချပ် ပျက်စီးသွားသည်ကို တွေ့ရစဉ်။



ပေါက်ကွဲမှုကြောင့် ကျောင်းသားသုံး ရေအိမ်အနီး၌ အချင်းရှစ်လက်မ၊ အနက်သုံးလက်မခန့်ရှိ ကျင်းငယ်တစ်ခု ဖြစ်သွားခဲ့သည်။

ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရပ်ရွာတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုထိတ်လန့်ချောက်ချားစေရန် ရည်ရွယ်၍ ဖောက်ခွဲမှုများကို အမြဲမပြတ် ကြံစည်လုပ်ဆောင်လျက်ရှိရာ အပြစ်မဲ့ကျောင်းသား၊ ကျောင်းသူများ ပညာဆည်းပူးသင်ကြားရာ စာသင်ကျောင်းများကိုပင် မရှောင်ဘဲ ဘယ်သူသေသေ ငတေမာရင်ပြီးရော စိတ်ထားဖြင့် ယခုကဲ့သို့ ဆောင်ရွက်လာသည့်အတွက် အများပြည်သူတို့အနေဖြင့် မသင်္ကာဖွယ် တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၉-၄-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၂၅	၆။	မျိုးချစ်တပ်မတော်
၇း၃၀	၇။	မြန်မာ့ရှုခင်း
၇း၄၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၉။	ခါသကြန်အဆိုအကများ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀	၃။	နိုင်ငံတော်သီချင်း
၁၁း၁၅	၄။	အဖွင့်သီချင်း
၁၁း၂၀	၅။	မျိုးချစ်တပ်မတော်
၁၁း၂၅	၆။	ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၄၅)
၁၂း၀၀	၇။	**ရုပ်မြင်သံကြားဇာတ်လမ်း -အနှိုင်းမဲ့ကြိုး (ဟိန်းဝေယံ၊ အိန္ဒြာကျော်ဇင်၊ နန်းဆုရတီစိုး) (ဒါရိုက်တာ-မောင်ဗေဒါ)**
၁း၃၀	၈။	ခါသကြန်အဆိုအကများ
၂း၀၀	၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၅၆)**
၂း၅၅	၁၀။	အပိတ်နှုတ်ဆက်စကား
၃း၀၀	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၇	၃။	နိုင်ငံတော်သီချင်း
၄း၁၃	၄။	အဖွင့်သီချင်း
၄း၁၅	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၃	၇။	မြန်မာသံစဉ်
၄း၄၀	၈။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀	၉။	ကုန်သွယ်သုတ
၄း၅၅	၁၀။	မီးသတ်ပေးနှိုးဆော်ချက်
၅း၁၀	၁၁။	ခါသကြန်အဆိုအကများ
၅း၃၀	၁၂။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၁၅	၁၅။	လျှပ်တစ်ပြက်
၆း၂၅	၁၆။	စားဖိုဆောင်ချစ်သူ
၆း၅၀	၁၇။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာ့စံအိမ်(အပိုင်း-၁၀)**
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသသတင်း
	၂၃။	လူရွှင်တော်စကား
	၂၄။	အင်္ဂလိပ်စာသုတ
	၂၅။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ(အပိုင်း-၁)**
	၂၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၄၃)**
	၂၈။	သင့်အတွက်မနက်ဖြန်
	၂၉။	အပိတ်နှုတ်ဆက်စကား
	၃၀။	ပြီးပါပြီ။

အားကစားဝန်ကြီးဌာနမှ အရာထမ်းများနှင့် ဝန်ကြီး ဦးတင့်ဆန်း တွေ့ဆုံ

နေပြည်တော် ဧပြီ ၈

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီးနှင့် အားကစားဝန်ကြီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနအောက်ရှိ အရာထမ်းများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတကြီး၏ မိန့်ကြားချက်များသည် မိမိတို့ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံသားတိုင်းတို့အတွက် လုပ်ငန်းလမ်းညွှန်ချက်ပင် ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းလမ်းညွှန်ချက်များကို ကျေကျေညက်ညက် သိရှိမှတ်သား လိုက်နာကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်နိုင်နင်းနင်း၊ ကျွမ်းကျွမ်းကျင်ကျင် သွက်သွက်လက်လက်ဖြင့် စေတနာရှိစွာ တာဝန်ယူဆောင်ရွက် ကြရမည်ဖြစ်ကြောင်း၊ အားကစားဝန်ကြီးဌာန၏ အောင်မြင်မှုသည် နိုင်ငံတကာ ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိမှုအပေါ် မူတည်နေ၍ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် အနီး

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်း အားကစားဝန်ကြီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအောက်ရှိ အရာထမ်းများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စပ်ဆုံး ပြိုင်ပွဲဖြစ်သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိနိုင်ရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❂ မြန်မာ့လက်ရွေးစင်မှ

ကာကွယ်ရေးဝန်ကြီးဌာနမှ ကျော်ရွှေနှင့်အောင်သူ၊ ပြည်ထဲရေး ဝန်ကြီးဌာနမှ ရဲမင်းအောင်၊ ကျော်စွာဝင်း၊ ချစ်ပိုပို၊ ဒိုမေးနီကို၊ အောင်မြတ်ထွန်း၊ ကျော်ကျော်ထွေး၊ ရဲရင့်ထွန်းနှင့် ကျော်ခိုင်စိုး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စိုင်းညီလေး၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝင်းထွန်းဦးတို့ လိုက်ပါ သွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲများ ယှဉ်ပြိုင်ကစားရန် မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တွေ့ရစဉ်။

(သတင်းစဉ်)

အမေရိကကို ဘယ်သူအုပ်စိုးနေသလဲ

ရန်ကုန် ဧပြီ ၈

ဝါရင့်သတင်းစာဆရာကြီး တက္ကသိုလ် မြတ်သူ၏ သတင်းစာသက်တမ်း (၅၄) နှစ် အတွေ့အကြုံ စာအုပ်ပေါင်းများစွာ တို့ကို အကိုးအထောက်ပြုပြီး ပြည်ပတွင် ရေးသားခဲ့သော "အမေရိကကို ဘယ်သူအုပ်စိုးနေသလဲ" စာအုပ်ကို သင်းစာပေမှ ထုတ်ဝေကာ ကန်တော် ကလေး မန္တလေးလမ်း (၁၈၈) ဘုရင့် စာပေတိုက်က ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရှိရသည်။ **(ယာပုံ)**

အမေရိကန်၏ ကျူးကျော်စစ်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ စွက်ဖက် ခြယ်လှယ်မှုလုပ်ရပ်များကို ဝါရင့် အမေရိကန်သတင်းစာဆရာကြီးများ၊ ပညာရှင်ပါမောက္ခကြီးများက ဆန့်ကျင် ကန့်ကွက်ကြပုံ၊ အမေရိကန် စာနယ်ဇင်း မှန်သမျှ၊ ရေဒီယိုရုပ်မြင်သံကြားမှန်သမျှ၊ သတင်းဌာနများ၊ ဟောလိဝုဒ်မှ ရုပ်ရှင် ကုမ္ပဏီကြီးများ၊ တေးဂီတထုတ်လုပ်မှု လုပ်ငန်းများ စသည့် မီဒီယာမှန်သမျှ ဂျူးလူမျိုးအရင်းရှင်ကြီးများက ပိုင်ဆိုင် လက်ဝါးကြီးအုပ်ထားပုံများ၊ ကမ္ဘာ့နိုင်ငံ အချို့၌ အမေရိကန်က အကြမ်းဖက်စစ်ပွဲ အမည်ခံ၊ ဒီမိုကရေစီရေးအမည်ခံပြီး ကျူးကျော်မှုအပေါ် ကမ္ဘာကမြင်ပုံများ ရှင်းလင်းပြည့်စုံစွာ ဖတ်ရှုရမည့် စာအုပ် ဖြစ်သည်ဟု သိရှိရသည်။

(သတင်းစဉ်)

ဘေးကင်းသွယ်လျ လှပအဆီကျစေသည့် Lobese ဆေးဝါး ဖြန့်ချိ

ရန်ကုန် ဧပြီ ၈

ကိုယ်အလေးချိန် ရှိသင့်သည်ထက် မပိုစေရန် နေ့စဉ် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ ပုံမှန်လုပ်ခြင်းသည် ကိုယ်အလေးချိန် လျှော့ကျရန်သာမက ခန္ဓာကိုယ် ကျန်းမာရေးအတွက်ပါ အထောက်အကူပြုစေသည်။ အဝလွန် ခြင်းသည် ကယ်လိုရီစားသုံးခြင်းနှင့် ကိုယ်ခန္ဓာမှ ကယ်လိုရီသုံးစွဲခြင်း အချိုး မညီမှုကြောင့် ခန္ဓာကိုယ်အတွင်း အဆီ ဖြစ်ပေါ်စေပြီး အဝလွန်ခြင်း ဖြစ်ပေါ်လာ ရသည်။

ယခုအခါ အစားအစာများကို ပုံမှန်ထက်လျှော့စားရန်မလိုဘဲ ကိုယ် အလေးချိန်ကျစေမည့် Lobese Carbohydrate Blocker ဆေးဝါးကို Australia နိုင်ငံမှ ထုတ်လုပ်လျက်ရှိသည်။ Lobese ဆေးဝါးသည် သဘာဝပစ္စည်း ဖြစ်ပြီး White Kidney Bean ခေါ်သည့် ပဲတစ်မျိုးမှ သန့်စင်ထားသည့် Phascolus Vulgaris 500mg ပါဝင်သည်။ နိုင်ငံတကာတွင် Kidney Bean ကို ကျန်းမာရေးအတွက် အကောင်းဆုံး အစာ (World's Healthiest Food) အဖြစ် စံပြုထားသည်။

Lobese သည် အစာစားချင်စိတ် လျှော့ကျ၍ ခံတွင်းပျက်အောင် လုပ်ဆောင်ခြင်းမရှိ၊ စားသုံးသည့် အစာ

တွင် ပါရှိသည့် Carbohydrate များကို ခန္ဓာကိုယ်ထဲမှ စုပ်ယူမှုနည်းအောင် တားဆီးပေးခြင်းဖြစ်သည်။ Lobese သောက်သုံးပြီး ကယ်လိုရီ ၃၀၀ ပါဝင်သည့် ထမင်းတစ်ပန်းကန်စားသုံးသည့် အခါ ကယ်လိုရီ ၅၀ သာ ရရှိမည်ဖြစ်သည်။ Lobese သောက်သုံးခြင်းကြောင့် သုတေသနပြုလုပ်တွေ့ရှိချက်အရ တစ်လ လျှင် ကိုယ်အလေးချိန် ခြောက်ပေါင်မှ ခုနစ်ပေါင်ခန့်အထိ ကျဆင်းသည်ကို တွေ့ရှိရသည်။ အစာမစားမီ ၁၅ မိနစ်ခန့် အလိုတွင် Lobese တစ်လုံး (သို့မဟုတ်) နှစ်လုံးကို တစ်နေ့နှစ်ကြိမ် သောက်သုံး နိုင်ပြီး ရေရှည်တွင် ဘေးထွက်ဆိုးကျိုးမရှိကြောင်း သိရှိရသည်။

Lobese ကို Zifam Pinnacle Pty Ltd. ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ဒဂုံတာဝါ အခန်းအမှတ်(၁၀၃) ဖုန်း-၅၅၈၂၄၈ နှင့် ၅၄၄၄၆၇၊ E-mail: Zifamltd @ mpt. mail. net.mm www.Zifampinnacle.com က တင်သွင်း ဖြန့်ချိကြောင်း သိရသည်။ (သတင်းစဉ်)

❖ ကျောဖုံးမှ

ဝိန်းရွန်နေးသည် ၎င်း၏အမှားအတွက် ချက်ချင်း ပြန်လည်တောင်းပန်ခဲ့သည့်အပြင် အက်ဖ်အေသို့လည်း ဖြေရှင်းချက်ပေးခဲ့သည်။ သို့သော် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့က နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ဤပွဲပယ်ပြစ်ဒဏ်ထုတ်ပြန်အပြီးတွင် ပြိုင်ဘက်အသင်း မန်စီးတီးနည်းပြ မန်စီနီက "ဝိန်းရွန်နေးဟာ မန်ယူမှာ ၁၀၀ ရာခိုင်နှုန်းကစားနေတာမဟုတ်ဘဲ ၂၀၀ ရာခိုင်နှုန်းထိ ကစားနေနိုင်သူပါ။ ကျွန်တော်က ပြိုင်ဘက်ကောင်းတွေနဲ့ ရင်ဆိုင်ချင်တာပါ။ ခုတော့ သူမပါနိုင်တော့ဘူးဆိုတော့ စိတ်ပျက်စရာပါ။ ဒါပေမယ့် သူမကစားနိုင်ဘူးဆိုတော့ ကျွန်တော်တို့အတွက် အခွင့်အရေးတစ်ရပ်ဖြစ်လာမှာပါ" ဟု ပြောကြားသည်။ **အင်တာနက်။**

ကာလို့စ်ကွီးရော့ဇ် အီရန်နည်းပြဖြစ်လာ

လန်ဒန် ဧပြီ ၈

ပေါ်တူဂီနိုင်ငံသား ကာလို့စ်ကွီးရော့ဇ်သည် အီရန်အသင်းအား နည်းပြအဖြစ် တာဝန်ယူရန် အီရန်ဘောလုံးအဖွဲ့ချုပ် (IFF) နှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ကြောင်း သိရသည်။

အသက်(၅၇)နှစ်ရှိ ကာလို့စ်ကွီးရော့ဇ်သည် မန်ယူအသင်းနည်းပြ ဖာဂူဆန်၏ လက်အောက်တွင် လက်ထောက်နည်းပြ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၃-၂၀၀၄ ဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ထိုမှတစ်ဖန် မန်ယူသို့ ပြန်ရောက်လာခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပေါ်တူဂီသို့ ပြန်ခဲ့ရာမှ ယခုအီရန်အသင်းကို ကိုင်တွယ်ရန် သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

အီရန်နည်းပြဖြစ်လာသည့် ကာလို့စ်ကွီးရော့ဇ်(လယ်)။

နှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရသည့် ဝိန်းရွန်နေး၏ ဒေါသ။

ဂျပ်စတင်ဘီဘာ ဘောလုံးလည်း ကန်တတ်သည်

ဘာစီလိုနာ ဧပြီ ၈

ယနေ့လူငယ်ပရိသတ်များကြားတွင် ရေပန်းစားကျော်ကြားနေသည့် လူငယ် အဆိုတော် ဂျပ်စတင်ဘီဘာသည် အနုပညာဘက်တွင်သာ ဝါသနာထုံသည်သာမက ဘောလုံးအားကစားကိုလည်း စွဲလမ်းနှစ်ခြိုက်သူဖြစ်သည်။

အသက်(၁၇)နှစ်အရွယ်ရှိ အဆိုတော် ဂျပ်စတင်ဘီဘာသည် ဘယ်ခြေသန်သူ ဖြစ်ပြီး ဘောလုံးကို ကောင်းစွာ ကစားတတ်သည်ဆိုသည်ကို ဘာစီလိုနာအသင်းနှင့်အတူ နူးကမ့်ကွင်းတွင် လေ့ကျင့်ခန်း ဆင်းရင်း ပြသခဲ့သည်။ ဘာစီလိုနာ အသင်းသားအားလုံးက ဂျပ်စတင်ဘီဘာကို ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်။ ၎င်းသည် ဘိုဂျန်ကာကစ်၊ သီယာဂို၊ ဘင်ဂျာ နှင့် အရန်အသင်းဂိုးသမား ရူဘင်မီနိုတို့နှင့် အတူ လေ့ကျင့်ခန်းဆင်းခဲ့သည်ဟု ဆိုသည်။ ဘာစီလိုနာ ပရိသတ်တစ်ဦးဖြစ်သည့် ဂျပ်စတင်ဘီဘာသည် ဒေးဗစ်ဘက်ခမ်းထံမှ ဘောလုံးလေ့ကျင့်ခန်းများကို သင်ယူလေ့လာခဲ့သည်ဟုဆိုသည်။ **အင်တာနက်။**

ဟန်သစ်

ပရီမီယာလိဂ်ပွဲစဉ်(၃၂)ပွဲစဉ်များ

၉-၄-၂၀၁၁ (စနေနေ့)

ညနေ ၆း၁၅ နာရီ

ဝုလ်ဗာဟမ်တန် - အဲဗာတန်

ည ၈း၃၀ နာရီ

မန်ယူ - ဖူလ်ဟမ်

ဆန်းဒါးလန်း - ဝက်စ်ဘရွန်း

ဘလက်ဘန်း - ဘာမင်ဂမ်

ဘော်လ်တန် - ဝက်စ်ဟမ်း

စပါး - စတုတ်စီးတီး

ချယ်လ်ဆီး - ဝီဂန်

၁၀-၄-၂၀၁၁ (တနင်္ဂနွေနေ့)

ည ၇ နာရီ

ဘလက်ပူး - အာဆင်နယ်

ည ၉း၃၀နာရီ

ဗီလာ - နယူးကာဆယ်

၁၂-၄-၂၀၁၁ (အင်္ဂါနေ့)

နံနက် ၁း၃၀ နာရီ

လီဗာပူး - မန်စီးတီး

ဘာစီလိုနာဝတ်စုံဝတ်၍ လေ့ကျင့်ခန်း ဆင်းခဲ့သည့် ကမ္ဘာကျော် ဆယ်ကျော်သက်အဆိုတော် ဂျက်စတင်ဘီဘာ။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၈

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ် သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည် ဖြစ်သည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာ နားမည်ဖြစ်သည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာ ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၂၂ ရက်မှစ၍သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ တပ်ဆင်ထားသော အဏုမြူနာရီတစ်လုံးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အဏုမြူနာရီသစ်တစ်မျိုး ဂျပန်သိပ္ပံပညာရှင်များတီထွင်

အင်တာနက်နည်းပညာသိပ္ပံသတင်း ➤ ဘာသာပြန် - တက်လူ

တိုကျို ဧပြီ ၈

ဂျပန်သိပ္ပံပညာရှင်များသည် အဏုမြူနာရီ (Atomic Clock)သစ်တစ်မျိုးကို တီထွင်ထုတ်လုပ်ထားပြီဖြစ်ကြောင်း ယနေ့ အွန်လိုင်းသတင်းတွင် ဖော်ပြသည်။

အဆိုပါအဏုမြူနာရီသည် လူသားတို့တီထွင်ထုတ်လုပ်သော တိုင်းတာရေးစက်ကိရိယာများအနက် အတိကျဆုံး တွက်ချက်ပေးနိုင်သည့် ကိရိယာဖြစ်သည်ဆို၏။

ဂျပန်သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ထားသော အဏုမြူနာရီသည် ကမ္ဘာ့ဆွဲအားဆိုင်ရာ အပြောင်းအလဲများကို တွက်ချက်ရာ၌ အတိကျဆုံး တွက်ချက်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အဏုမြူနာရီအမျိုးအစားသစ်ကို တီထွင်ဖော်ထုတ်နိုင်ခြင်းဖြင့် ဂျီပီအက်စ်(ခေါ်) ဂြိုဟ်တုလမ်းပြမြေပုံစနစ်အတွက် နည်းပညာဆိုင်ရာများကိုလည်း ပေးနိုင်မည်ဖြစ်ကြောင်း ဂျပန်သိပ္ပံပညာရှင်အဖွဲ့က ပြောကြားသည်။

ယနေ့ကာလတွင် မော်တော်ယာဉ်မောင်းများ၊ လေယာဉ်မှူးများ၊ ရေယာဉ်မှူးများမှသည် အာကာသယာဉ်မှူးများအထိ အင်တာနက်နှင့် ချိတ်ဆက်ထားသော ဂြိုဟ်တုလမ်းပြမြေပုံစနစ်(ဂျီပီအက်စ်)ကို တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြသည်။ အဏုမြူနာရီအသုံးပြုကာ တွက်ချက်ခြင်းဖြင့် ဂျီပီအက်စ်စနစ်မှာ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့❍**

မဟာသကြၤန်ပွဲတော်နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

စာမျက်နှာ - ၂

မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်း ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲများကစားရန် တရုတ်သို့ထွက်ခွာ

ရန်ကုန် ဧပြီ ၈

ဧပြီ ၈ ရက်မှ ၂၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲများကစားရန် မြန်မာ့လက်ရွေးစင်အမျိုးသားဘော်လီဘောအသင်းသည် ဧပြီ ၇ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင်အမျိုးသားဘော်လီဘောအသင်း နည်းပြချုပ် MR. ZHANG QUN (တရုတ်ပြည်သူ့သမ္မတနိုင်ငံ)၊ နည်းပြ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးညီညီလွင်၊ လက်ထောက်အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဦးသိန်းဆွေနှင့် အားကစားသမားများအဖြစ် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့✪**

ဝိန်းရွန်နေး နှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရ မန်စီးတီးအတွက် အခွင့်အရေးတစ်ရပ်ဖြစ်လာနိုင်

မန်ချက်စတာ ဧပြီ ၈

မန်ယူအသင်း၏ တိုက်စစ်မှူး ဝိန်းရွန်နေးသည် ပရီမီယာလိဂ်ပွဲစဉ် (၃၁) ဝက်စ်ဟမ်းအသင်းအား လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲ၌ တိုက်ရိုက်ထုတ်လွှင့်ရိုက်ကူးနေသည့် ရုပ်/သံ ကင်မရာရှေ့တွင် နှစ်ကြိမ်တိုင် ကြမ်းတမ်းသည့်စကား ပြောဆိုခဲ့ခြင်းကြောင့် နှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံလိုက်ရပြီ ဖြစ်သည်။

ဝိန်းရွန်နေး ထိုသို့နှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရခြင်းမှာ မန်စီးတီးအတွက် အခွင့်အရေးတစ်ရပ် ဖြစ်လာနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဝိန်းရွန်နေးသည် ယင်းပြစ်ဒဏ်ကြောင့် ဖူလ်ဟမ်နှင့် ကစားရမည့် ပရီမီယာလိဂ်ပွဲအပါအဝင် ဧပြီ ၁၆ ရက် (စနေနေ့)တွင် ဝင်ဘလေကွင်း၌ မန်စီးတီးနှင့် ကစားရမည့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲကိုလည်း လွဲချော်ရတော့မည်ဖြစ်ခြင်းကြောင့် ဖြစ်သည်။ **စာမျက်နှာ ၁၁ ကော်လံ ၂ သို့❖**